# မြန်မာ့ သတ္တုတွင်းဥပဒေ

# THE MYANMAR MINES LAW

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# မြန်မာ့သတ္တုတွင်းဥပဒေ
# (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈/၉၄)
# ၁၃၅၆ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်
# (၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေ ကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာ့သတ္တုတွင်းဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) **သတ္တုတွင်း** ဆိုသည်မှာ ဓါတ်သတ္တုတူးဖော်သည့်နေရာ၊ ကလိုင် သို့မဟုတ် လုပ်ကွက်ကိုလည်းကောင်း၊ ဓါတ်သတ္တု တူးဖော်ရာတွင်ဖြစ်စေ၊ ဓါတ်သတ္တု တူးဖော်ရာနေရာ၊ ကလိုင် သို့မဟုတ် လုပ်ကွက်နှင့် တစ်ဆက် တစ်စပ်တည်းရှိသောနေရာတစ်ခုခု၌ ဓါတ်သတ္တုဆင့်တက်ပြုပြင် ရာတွင်ဖြစ်စေ လုပ်ကိုင်သည့် လုပ်ငန်းအရပ်ရပ်၊ အဆောက်အအုံ၊ မြေနေရာ နှင့် စက်ပစ္စည်းကိရိယာများကို လည်းကောင်းဆိုသည်။ ယင်းစကားရပ်တွင် စက်မှုတွင်းထွက်ကုန်ကြမ်း ပစ္စည်းနှင့် ကျောက်များတူးဖော်သည့် ကျောက်ထုတ် စခန်းများလည်း ပါဝင်သည်။

# The State Law and Order Restoration Council

## The Myanmar Mines Law

**(The State Law and Order Restoration Council Law No. 8/94)**

**The 2nd Waxing of Tawthalin, 1356 M.E.**
**( 6th September, 1994)**

The State Law and Order Restoration Council hereby enacts the following Law : -

### CHAPTER I
### Title and Definition

1. This Law shall be called the Myanmar Mines Law.

2. The following expressions contained in this Law shall have the meanings given hereunder -

(a) **Mine** means place, excavation or worksite where mining is carried on or various operations, building land, machinery and equipment connected with mining or mineral processing at any place contiguous to such place of mining excavation or worksite. The said expression also includes quarries where industrial mineral and stone are mined.

(ခ) **ဓါတ်သတ္တု** ဆိုသည်မှာ မြေထုမှ တူးဖော်၍သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း ရရှိသည့် ကျောက်မျက်ရတနာ၊ သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်များကိုဆိုသည်။

(ဂ) **ကျောက်မျက်ရတနာ** ဆိုသည်မှာ ဆင့်တက်ပြုပြင်ခြင်း မပြုရသေးသော ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန်၊ ပန်းညို့၊ ပြောင်ခေါင်းစိမ်း၊ သုံးပန်လှမျိုးကျောက်၊ ဖရဲအူ၊ ရွှေတွင်းဝါ၊ မြမျိုးကျောက်၊ ဂေါ်မိတ်၊ ထပ်တစ်ရာ၊ စလင်းတူကျောက်၊ ဥဒေါင်၊ မျော၊ အညံ့နီလာ၊ နဂါးသွဲ့၊ ကျန်စစ်ရေကျောက်၊ ပါလဒုတ္တာ၊ မြတူကျောက်၊ ပယင်း၊ ပုလဲပြာ၊ နက်ဖရိုက် သို့မဟုတ် စလင်းအုပ်စုတွင်ပါဝင်သော ရတနာတန်းဝင် ကျောက်များကိုဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ကျောက်မျက်ရတနာဟူ၍ သတ်မှတ်သည့် ပစ္စည်းများလည်းပါဝင်သည်။

(ဃ) **သတ္တု** ဆိုသည်မှာ ရွှေ၊ ငွေ၊ ပလက်တီနမ်၊ အီရီဒီယမ်၊ အောစ်မီယမ်၊ ပလက်ဒီယမ်၊ ရူသာနီယမ်၊ ရိုဒီယမ်၊ တန်တလန်၊ ကိုလံဘီယမ်၊ နိုင်အိုဘီယမ်၊ ယူရေနီယမ်၊ သိုရီယမ်၊ သံ၊ သွပ်၊ ကြေးနီ၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ နီကယ်၊ ခနောက်စိမ်း၊ အလူမီနီယမ်၊ အာဆင်းနစ်၊ ဘစ်မတ်၊ ကက်ဒ်မီယမ်၊ ခရိုမီယမ်၊ ကိုဘော့လ် သို့မဟုတ် မင်းဂနီးစ်ကိုဆိုသည်။ ယင်းစကားရပ်တွင်ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး သတ္တုဟူ၍သတ်မှတ်သည့် ပစ္စည်းများလည်းပါဝင်သည်။

(b) **Mineral** means gemstone, metallic mineral industrial mineral and stone obtained from the earth by mining or by any other operation.

(c) **Gemstone** means ruby, sapphire, jade diamond, spinel, peridot, chrysoberyl, tourmaline, danburite, aquamarine, zircon, topaz, phenakite, garnet, moonstone, iolite, apatite, epidote, lapis-lazuli, diopside, amber, flurospar, nephrite, or stones of gems quality of the quartz group, which has not been processed. The said expression also includes substances which may be declared by the Ministry by notification with the approval of the Government form time to time to be gemstone;

(d) **Metallic Mineral** means golds, silver, platinum, iridium, osmium, palladium, ruthenium, rhodium, tantalum, columbium, niobium, uranium, thorim, iron, zinc, copper, lead, tin, tungsten, nickel, antimony aluminium, arsenic, bismuth, cadmium, chromium, cobalt, or manganese. The said expression also includes substances which may be declared by the Ministry by notification with the approval of the Government from time to time to be metallic mineral:

(င) **စက်မှုတွင်းတွက်ကုန်ကြမ်းပစ္စည်း** ဆိုသည်မှာ ကျောက်မီးသွေး၊ ထုံးကျောက်၊ ဂေါ်ဒန်ကျောက်၊ ဘရိုက်တီးကျောက်၊ ဂရက်ဖိုက်၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်၊ ဒိုလိုမိုက်၊ ဖလိုရိုက်၊ မီးခံရွှံ့စေး၊ မီးခံမြေစေး၊ ရွှံ့စေးဖြူ၊ ကြွေကျောက်၊ မြေဖြူ၊ မြေနီ၊ မြေဝါ၊ ကန့်ကူဆံ၊ မြေဖယောင်း၊ ကျောက်ဂွမ်း၊ ဇင့်ကာဘွန်နိတ်၊ လချေးဖြူ သို့မဟုတ် လချေးညိုကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းဟူ၍ သတ်မှတ်သည့် ပစ္စည်းများလည်းပါဝင်သည်။

(စ) **ကျောက်** ဆိုသည်မှာ အလှဆင်ကျောက် ထုတ်လုပ်ရန် အဆင့်မီသော ထုံးကျောက်၊ သလင်းကျောက်၊ ဂရက်နိုက်ကျောက်၊ မာဘယ်ကျောက်၊ ပဂ္ဂမတိုက်ကျောက် သို့မဟုတ် လိပ်သဲကျောက်ကိုဆိုသည်။ ယင်းစကားရပ်တွင်ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး အလှဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မီသောကျောက်ဟူ၍ သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။ သို့ရာတွင် အလှဆင်ကျောက် ထုတ်လုပ်ရန် အဆင့်မမီသော လမ်းခင်းရာတွင်သာ အသုံးပြုလေ့ရှိသည့် ကျောက်များမပါဝင်၊

(ဆ) **ခွင့်ပြုမိန့်** ဆိုသည်မှ ဓါတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းလုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းအားလုံးကို တစ်ပေါင်းတည်းဖြစ်စေ လုပ်ကိုင်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကိုဆိုသည်၊

(ဇ) **ဓါတ်သတ္တုရှာဖွေခြင်း** ဆိုသည်မှာ ဓါတ်သတ္တုများနှင့် ဓါတ်သတ္တုသိုက်များ အားလိုက်လံရှာဖွေခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင်မြေသား၌ ဓါတ်သတ္တုတည်စွဲသည့် အရည်အသွေးကိုစစ်ဆေးသောလုပ်ငန်းစဉ်များ လည်း ပါဝင်သည်။

(e) **Industrial Mineral** means coal, limestone, gypsum, baryte, graphite, manganese dioxide, dolomite, fluorite, fire clay, ball clay, industrial clay, feldspar, magnesite, red ochre, yellow ochre, soap stone, bentonite, asbestos, zinc carbonate, muscovite or biotite. The said expression also includes substances which may be declared by the Ministry by notification with the approval of the Government form time to time to be an industrial mineral;

(f) **Stone** means limestone, quartz, granite, marble, pegmatite, or gneiss that are of the quality to produce decorative stone. The said expression also includes substances which may be declared by the Ministry by notification with the approval of the Government from time to time to be stone of decorative stone quality, but does not include Stones which are not of the decorative stone quality and are usually used for road making;

(g) **Permit** means a permit issued under this Law for the purpose of mineral prospecting, exploration or production issued separately or as an integrated permit;

(h) **Mineral Prospecting** means searching for minerals and mineral deposits. The said expression also includes the process of testing mineral bearing qualities of the land;

(ဈ) **ဓါတ်သတ္တုစမ်းသပ်တိုင်းတာခြင်း** ဆိုသည်မှာ ဓါတ်သတ္တုသိုက်တစ်ခု၏ အရွယ်အစား၊ ပုံသဏ္ဍာန်၊ တည်နေရာ၊ အရည်အသွေးနှင့် ပမာဏတို့ကို သိရှိနိုင်ရန်ဆောင်ရွက်ခြင်းကိုဆိုသည်၊

(ည) **ဓါတ်သတ္တုထုတ်လုပ်ခြင်း** ဆိုသည်မှာဓါတ်သတ္တုရရှိရန်ဆောင်ရွက်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဓါတ်သတ္တု တူးဖော်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းအဆင့် တစ်ခုခု သို့မဟုတ် လုပ်ငန်းစဉ်အားလုံး ဆောင်ရွက်ခြင်းလည်းပါဝင်သည်၊

(ဋ) **အကြီးစားထုတ်လုပ်ခြင်း** ဆိုသည်မှာရင်းနှီးမြှုပ်နှံမှုနှင့်ကုန်ကျစရိတ် အများအပြားလိုအပ်သည့် သို့မဟုတ် အထူး နည်းပညာရပ်နှင့် နည်းစနစ် များ အသုံးပြုရန်လိုအပ်သည့် စီးပွားရေးလုပ်ငန်းအဖြစ် ဓါတ်သတ္တုထုတ် လုပ်ခြင်းကိုဆိုသည်၊

(ဌ) **အသေးစားထုတ်လုပ်ခြင်း** ဆိုသည်မှာရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်များ သည့် သို့မဟုတ်အထူးနည်းပညာရပ်နှင့် နည်းစနစ်များအသုံးပြုရန်မလို အပ်သည့် စီးပွားရေးလုပ်ငန်းအဖြစ် ဓါတ်သတ္တု ထုတ်လုပ်ခြင်းကိုဆိုသည်၊

(ဍ) **လက်လုပ်လက်စားထုတ်လုပ်ခြင်း** ဆိုသည်မှာ သာမာန်လက်သုံးကိရိယာ များကို အသုံးပြု၍ ဓါတ်သတ္တုထုတ်လုပ်ခြင်းကိုဆိုသည်၊

(i) **Mineral Exploration** means defining and gaining knowledge of the size, shape, location, quality and quantity of a mineral deposit;

(j) **Mineral Production** means all stages of operation for obtaining minerals. The said expression also includes any or all stages of mining and mineral processing activity;

(k) **Large Scale Production** means commercial production of mineral which requires substantial investment and expenditure or special technical know-how and methods;

(l) **Small Scale Production** means commercial production of mineral which does not require substantial investment and expenditure or special technical know-how and methods;

(m) **Subsistance Production** means production of mineral using ordinary hand tools;

(ပ) **ဓါတ်သတ္တု ဆင့်တက်ပြုပြင်ခြင်း** ဆိုသည်မှာ ဓါတ်သတ္တုကို အရည်အသွေး အရဖြစ်စေ၊ တန်ဖိုးအရဖြစ်စေတိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် သတ္တုရိုင်းများအား သတ္တုသန့်စင် သို့မဟုတ်သတ္တုစင်များဖြစ်လာစေရန် ဆေးကြောသန့်စင်ခြင်း၊ ကျိုချက်ခြင်း၊ ချွတ်ခြင်းလုပ်ငန်းစဉ်များနှင့် ကျောက်မျက်ရတနာများကို အချောထည် ဖြစ်လာစေရန် ဖြတ်တောက်ခြင်း၊ သွေးခြင်းလုပ်ငန်းစဉ်များလည်းပါဝင် သည်။ သို့ရာတွင်ကျောက်မျက်ရတနာများကို အချောထည်ဖြစ်လာစေရန် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍သတ်မှတ်ချက်အသေးစားဖြတ်တောက်ခြင်း၊ သွေးခြင်းလုပ်ငန်းများမပါဝင်၊

(ဖ) **ဝန်ကြီးဌာန** ဆိုသည်မှာ သတ္တုတွင်းဝန်ကြီးဌာနကိုဆိုသည်၊

(တ) **ဦးစီးဌာန** ဆိုသည်မှာ သတ္တုတွင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့် လုပ်ငန်းစစ်ဆေး ရေးဦးစီးဌာနကိုဆိုသည်၊

(ထ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သတ္တုတွင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့် လုပ်ငန်းစစ်ဆေးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

(n) **Mineral Processing** means the benefication of ore or mineral to improve their grade or their value. The said expression includes operation of mineral dressing, concentration, smelting, refining to obtain mineral concentrates and refined metals and cutting, polishing of raw gemstones to obtain finished products, but does not include cutting, polishing of raw gemstones on a small scale prescribed by the Ministry by notification with the approval of the government from time to time;

(o) **Ministry** means the Ministry of Mines;

(p) **Department** means the Planning and Work Inspection Department of the Ministry of Mines;

(q) **Director General** means the Director General of the Planning and Work Inspection Department of the Ministry of Mines.

အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အစိုးရ၏ ဓါတ်သတ္တု သယံဇာတရေးရာ မူဝါဒကို အကောင်အထည်ဖော်ရန်

(ခ) ဓါတ်သတ္တု ထုတ်ကုန်များ ပိုမိုထုတ်လုပ်စေခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်ရန်၊

(ဂ) ဓါတ်သတ္တု သယံဇာတ ပစ္စည်းများနှင့် စပ်လျဉ်း၍ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) ဓါတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းလုပ်ငန်းကိုလုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ လျှောက်ထားချက်များအား စိစစ်ခွင့်ပြုနိုင်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန်၊

(င) ဓါတ်သတ္တု သယံဇာတပစ္စည်းများ ထိန်းသိမ်းရေး၊ ထုတ်လုပ်ရေး၊ အသုံးချရေးနှင့် သုတေသနပြုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊

(စ) ဓါတ်သတ္တု လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရန်၊

## CHAPTER II

## Objectives

3. The objectives of this Law are as follows: -

(a) to implement the Mineral Resources Policy of the Government;

(b) to fulfil the domestic requirements and to increase export by

(c) producing more mineral products;

(d) to promote development of local and foreign investment in respect of mineral resources;

(e) to supervise, scrutinize and approve applications submitted by person or organization desirous of conducting mineral prospecting, exploration or production;

(f) to carry out for the development of , conservation, utilization and research works of mineral resources;

(g) to protect the environmental conservation works that may have detrimental effects due to mining operation.

အခန်း (၃)

## ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့် အညီလျှောက်ထားရမည် -

(က) ကျောက်မျက်ရတနာ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အကြီးစား ထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊

(ခ) သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊

(ဂ) စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းများကို အကြီးစားထုတ်လုပ်ခြင်း၊

(ဃ) ကျောက်များကို အကြီးစားထုတ်လုပ်ခြင်း၊

၅။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် -

(က) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊

(ခ) ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းသို့မဟုတ် အသေးစား ထုတ်လုပ်ခြင်း၊

## CHAPTER III

## Application and Granting of Permit

4. A person or organization, desirous of carrying out any of the following operations shall apply to the Ministry in accordance with the stipulations for obtaining a permit : -

(a) prospecting, exploration, large scale production or small scale production of gemstone;

(b) prospecting, exploration, large scale production or small scale production or metallic mineral;

(c) large scale production of industrial minerals;

(d) large scale production of stones.

5. A person or organization, desirous of carrying out any of the following operations shall apply to the Department in accordance with the stipulations for a permit: -

(a) prospecting, exploration or small scale production of industrial mineral;

(b) prospecting, exploration or small scale production of stone.

၆။ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် ကျောက်မျက်ရတနာ၊ သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့်စပ်လျဉ်း၍ လက်လုပ်လက်စား ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ သတ္တုတွင်းလုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနက လုပ်ကိုင်ခွင့် အပ်နှင်းထားသည့် အရာရှိထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၇။ ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပေးနိုင်သည် -

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော ကျောက်မျက်ရတနာ၊ သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းသို့မဟုတ် ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊

(ခ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် ကျောက်မျက်ရတနာရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊

(ဂ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊

၈။ ဝန်ကြီးဌာနသည်အောက်ပါလုပ်ငန်းအတွက်ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည် -

(က) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကိုအကြီးစားထုတ်လုပ်ခြင်း၊

(ခ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်နှင့် စပ်လျဉ်း၍ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်းလုပ်ငန်း ၃ရပ်ကို တစ်ပေါင်းတည်းလုပ်ကိုင်ခြင်း၊

6. A person or organization, desirous of carrying out subsistence production of gemstone, metallic mineral, industrial mineral or stone, prescribed in the notification by the Ministry shall apply to the respective Mining Enterprise or to the officer authorized by the Ministry in accordance with the stipulations for obtaining a permit.

7. The Ministry may, with the approval of the Government grant permit for any of the following operations: -

(a) prospecting, exploration, large scale production or small scale production of gemstone, metallic mineral, industrial mineral or stone involving foreign investment;

(b) prospecting, exploration, large scale production of gemstone with local investment;

(c) prospecting, exploration, large scale production or small scale production of metallic mineral with local investment.

8. The Ministry may grant permit for the following operations:-

(a) large scale production of industrial mineral or stone with local investment;

(b) integrated prospecting, exploration, large scale production or small scale production of industrial mineral or stone with local investment.

၉။ ဦးစီးဌာနသည် အောက်ပါလုပ်ငန်းတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပေးနိုင်သည် -

(က) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ်အသေးစားထုတ်လုပ်ခြင်း၊

(ခ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊

၁၀။ သက်ဆိုင်ရာ သတ္တုတွင်းလုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနက လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် အရာရှိသည် ဝန်ကြီးဌာနကအမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် ကျောက်မျက်ရတနာ၊ သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်နှင့် စပ်လျဉ်း၍ လက်လုပ်လက်စားထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည်။

၁၁။ အကြီးစားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်ခြင်းဟူ၍ ခွဲခြားသတ်မှတ်ခြင်းကို ဝန်ကြီးဌာနသည် ပုဒ်မ ၂ ပုဒ်မခွဲ (ဋ)၊ (ဌ) နှင့် (ဍ) တို့ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့်အညီ ဆုံးဖြတ်ရမည်။

9. The Department may, with the approval of the Ministry, grant permit, for any of the following operation: -

(a) prospecting, exploration or small scale production of industrial mineral with local investment.

(b) prospecting, exploration or small scale production of stone with local investment.

10. The respective Mining Enterprise or the officer authorized by the Ministry may issue permit in respect of subsistence production, of gemstone, metallic mineral industrial mineral or stone, specified in the notification by the Ministry.

11. The Ministry shall determine the classification of large scale production, small scale production or subsistence production as defined in sub-section (k), (l), (m) of section 2.

အခန်း (၄)

## ခွင့်ပြုမိန့်ရရှိသူများ၏ တာဝန်များ

၁၂။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလိုက်နာရမည်၊

(ခ) ခွင့်ပြုမိန့်ပါစည်းကမ်းများကိုလိုက်နာရမည်၊

(ဂ) ခွင့်ပြုမိန့်နှင့် သက်ဆိုင်သော မြေအတွက် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ထားသည့် နှုန်းထားများအပေါ်တွင် အခြေခံတွက်ချက်ထားသည့် မြေငှါးရမ်းခကို ပေးဆောင်ရမည်၊

(ဃ) မြေငှါးရမ်းခကို ခွင့်ပြုမိန့်တစ်ခုစီအတွက် သီးခြားပေးဆောင်ရမည်၊

(င) အာမခံငွေကိုဖြစ်စေ၊ ကြိုတင်ငွေကိုဖြစ်စေ၊ အာမခံငွေနှင့် ကြိုတင်ငွေနှစ်မျိုးလုံးကိုဖြစ်စေ ပေးဆောင်ရမည်၊

(စ) ဤဥပဒေအရ ထိုက်သင့်သော ဓါတ်သတ္တုခွန်နှင့် အခြားအခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီမြန်မာငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ၊ မြန်မာငွေနှင့် နိုင်ငံခြားငွေနှစ်မျိုးလုံးဖြင့်ဖြစ်စေ ပေးဆောင်ရမည်၊

၁၃။ ခွင့်ပြုမိန့်ရရှိသူသည် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည် -

(က) သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

## CHAPTER IV

## Duties of the Holder of Permit

12. The holder of permit shall: -

(a) abide by the provisions of this Law, rulers, orders and directives made thereunder.

(b) abide by the conditions contained in the permit;

(c) pay rent for the land related to the permit calculated in accordance with the rates prescribed by the rules made under this Law;

(d) pay rent for the land for each permit separately;

(e) pay security deposit or advance payment or both security deposit and advance payment;

(f) pay prescribed royalty and other fees payable under this Law either in Myanmar currency of foreign currency, or both Myanmar and foreign currencies.

13. The holder of permit shall comply with the rules prescribed under this Law in respect of the following matters: -

(a) appointment of mine personnel and workers, assignment of work, prescribing of age, wages, salaries and other fees;

(ခ) သတ္တုတွင်း၏ မြေပေါ်မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(ဂ) သတ္တုတွင်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရန်စီမံဆောင်ရွက်ခြင်း၊

(ဃ) သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(င) ဓါတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(စ) သတ္တုတွင်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(ဆ) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း၊

အခန်း (၅)

## ဓါတ်သတ္တု ထုတ်လုပ်ရန် မြေနှင့် ရေသုံးစွဲခွင့်

၁၄။ ဝန်ကြီးဌာနက စီမံခန့်ခွဲခွင့်ရှိသည့် ဓါတ်သတ္တုကန့်သတ်နယ်မြေ သို့မဟုတ် ရတနာနယ်မြေအတွင်းကျရောက်ခြင်းမရှိသော နယ်မြေတွင် ဓါတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် သက်ဆိုင်ရာမြေကို စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီမှုရရှိပြီးမှသာ ဓါတ်သတ္တုထုတ်လုပ်ခြင်းကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(b) fixing of working days and working hours for the above and under ground workers in a mine;

(c) making provisions for safety and the prevention of accidents in a mine and their implementation;

(d) making and implementation of plans relating to the welfare, health, sanitation and discipline of personnel and workers in a mine;

(e) making provisions for the environmental conservation works that may have detrimental effects due to mining operation;

(f) reporting of accidents, loss of life and bodily injury received due to such accidents in the mine;

(g) submission to the inspection of the Chief inspector and inspectors.

## CHAPTER V

## Right of Utilization of Land and Water for Mineral Production

14. The holder of permit for mineral production within an area under the Ministry's administrative control or which does not lie within the Mineral Reserve Area or Gemstone Tract, shall carry out such production only after co-ordinating and receiving agreement from the individual or organization having the right of cultivation, right of possession, right of use and occupancy, beneficial enjoyment, right of succession or transfer of the said land.

၁၅။ ဝန်ကြီးဌာနသည် ဓါတ်သတ္တုစီးပွားဖြစ် ထုတ်လုပ်နိုင်မည့်မြေကို နိုင်ငံတော်အကျိုးငှာ လိုအပ်လျှင် တည်ဆဲဥပဒေနှင့်အညီ မြေသိမ်းယူနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၆။ ဓါတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ဓါတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းအတွက်အများပြည်သူဆိုင်ရာ ရေကိုရယူသုံးစွဲရန် လိုအပ်ပါက ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ ဦးစွာတင်ပြရမည်။

၁၇။ ဦးစီးဌာနသည် ပုဒ်မ ၁၆ အရ တင်ပြချက်ကို စိစစ်၍ ဓါတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် အများပြည်သူဆိုင်ရာ ရေကိုရယူသုံးစွဲရန် အမှန်တကယ်လိုအပ်နေကြောင်းတွေ့ရှိရပါက တည်ဆဲဥပဒေနှင့်အညီ ရေသုံးစွဲခွင့်ရရှိရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

အခန်း (၆)

## ဓါတ်သတ္တုခွန်

၁၈။ ဓါတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ဓါတ်သတ္တုများရောင်းချသည့်အခါ ရောင်းချသည့် ဓါတ်သတ္တုတန်ဖိုးအပေါ် အောက်ပါနှုန်းထားများအတွင်း ဝန်ကြီးဌာနက သတ်မှတ်သည့် အတိုင်းဓါတ်သတ္တုခွန်ပေးဆောင်ရမည် -

(က) ကျောက်မျက်ရတနာများအတွက် ၅ ရာခိုင်နှုန်းမှ ၇.၅ ရာခိုင်နှုန်း

(ခ) ရွှေ၊ ငွေ၊ ပလက်တီနမ်၊ အီရီဒီယမ်၊ အောစ်မီယမ်၊ ပလက်ဒီယမ်၊ ရုသာနီယမ်၊ ရိုဒီယမ်၊ တန်တလန်၊ ကိုလံဘီယမ်၊ နိုင်အိုဘီယမ်၊ ယူရေနီယမ်၊ သိုရိယမ် နှင့် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့်အဖိုးတန်သတ္တုများအတွက် ၄ ရာခိုင်နှုန်း၊ ၅ ရာခိုင်နှုန်း

15. If, in the interest of the State, it is necessary to acquire the land where mineral production could be under taken on commercial scale, the Ministry shall co-ordinate with the relevant Ministry of the acquisition of such land in accordance with the existing Law.

16. If the holder of mineral production permit requires the use of public water for mineral production he shall first and foremost inform the Department of such requirement in accordance with the prescribed manner.

17. If the Department, after scrutinizing the requirement submitted under section 16 finds that the use of public water is really necessary for the holder of mineral production permit, it shall co-ordinate with the relevant government department and organization for obtaining permission to use water in accordance with the existing Law.

## CHAPTER VI
## Royalty

18. The holder of mineral production permit shall pay royalty, on the value of the mineral sold when the sale is affected on the mineral produced by him within the rates mentioned below as determined by the Ministry: -

(a) for gemstone at the rate of 5 % to 7.5 % .

(b) for gold, silver, platinum, iridium, osmium, palladium ruthenium, rhodium, tantalum, columbium, niobium, uranium, thorium and other precious metallic minerals that the Ministry may, with the approval of the Government prescribe and publish by notification from time to time at the rate of 4% to 5%;

(ဂ) သံ၊ သွပ်၊ ကြေးနီ၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ နီကယ်၊ ခနောက်စိမ်း၊ အလူမီနီယမ်၊ အာဆင်းနစ်၊ ဘစ်မတ်၊ ကက်ဒ်မီယမ်၊ ခရိုမီယမ်၊ ကိုဘော့လ်၊ မင်းဂနီးစ်နှင့် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် သတ္တုများအတွက် ၃ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်း

(ဃ) စက်မှုတွင်းထွက် ကုန်ကြမ်း သို့မဟုတ် ကျောက်အတွက် ၁ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်း၊

၁၉။ ဦးစီးဌာနသည် ပုဒ်မ ၁၈ အရ ရောင်းချသည့် ဓါတ်သတ္တုတန်ဖိုးကို တွက်ချက်ရာတွင် ရောင်းချချိန်၌ဖြစ်ပေါ်လျက်ရှိသည့်အဆိုပါ ဓါတ်သတ္တု၏ အပြည်ပြည်ဆိုင်ရာ ဈေးနှုန်းကို အခြေခံ၍ သတ်မှတ်ချက်များနှင့်အညီ တွက်ချက်ရမည်။

၂၀။ ဝန်ကြီးဌာနသည် -

(က) ဓါတ်သတ္တုရှာဖွေခြင်း သို့မဟုတ် စမ်းသပ်တိုင်းတာခြင်း လုပ်ငန်းမှ ရရှိသော ဓါတ်သတ္တုနှင့် စပ်လျဉ်း၍ပေးဆောင်ရမည့် ဓါတ်သတ္တုခွန်ကို အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်၊

(ခ ) ဓါတ်သတ္တု ထုတ်လုပ်မှုတိုးတက်ရေးကို ရှေးရှုလျက်ခွင့်ပြုမိန့်ရရှိသူ ပေးဆောင်ရမည့် ဓါတ်သတ္တုခွန်အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကိုအချိန်ကာလသတ်မှတ်၍ လျှော့ပေါ့ပေးနိုင်သည်၊

(ဂ) ဓါတ်ခွဲရန်၊ စမ်းသပ်ရန်နှင့် အခြားစစ်ဆေးမှုများ ပြုလုပ်ရန် သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက ရယူသော ဓါတ်သတ္တုနမူနာများအတွက် ဓါတ်သတ္တုခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်၊

(c) for iron, zinc, copper, lead, tin, tungsten, nickel, antimony, aluminium, arsenic, bismuth, cadium, chromium, cobalt, manganese and other metallic mineral that the Ministry may with the approval of the Government prescribe and publish by notification form time to time at the rate of 3% to 4%.

(d) for industrial mineral or stone at the rate of 1 % to 3 %.

19. When calculating the value of mineral sold under section 18, the Department shall calculate in the prescribed manner based upon the prevailing international price of that mineral at the time of the sale.

20. The Ministry may: -

(a) prescribe by notification from time to time, royalty to be paid for the mineral obtained from mineral prospecting or mineral exploration;

(b) exempt in whole or in part, any royalty payable on any mineral by the holder of a permit for such period as may be determined with a view to promoting production of mineral;

(a) exempt payment of royalty, on mineral samples obtained by the government department concerned or government organization for the purpose of assay analysis or other examinations;

(ဃ) ဓါတ်သတ္တုခွန် ပေးဆောင်ခြင်းကို အချိန်ကာလသတ်မှတ်၍ရွှေ့ဆိုင်း နိုင်သည်၊

(င) အကြောင်းတစ်စုံတစ်ရာကြောင့် ဓါတ်သတ္တုခွန်ကို တိတိကျကျ သတ်မှတ် စည်းကြပ်ရန် မဖြစ်နိုင်သောကာလအတွင်း ယာယီဓါတ်သတ္တု ခွန်ကိုစည်းကြပ်နိုင်သည်။

အခန်း (၇)

## ဓါတ်သတ္တု ကန့်သတ်နယ်မြေ၊ ရတနာနယ်မြေသတ်မှတ်ခြင်း

၂၁။ ဝန်ကြီးဌာနသည် -

(က) ဓါတ်သတ္တု စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် နယ်မြေကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဓါတ်သတ္တုကန့်သတ်နယ်မြေအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍သတ်မှတ်နိုင်သည်၊

(ခ) ဓါတ်သတ္တု ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ခြင်းမပြုမီ မည်သည့် နယ်မြေကို ယင်းသို့ သတ်မှတ်ရန် ရည်ရွယ်ကြောင်းသတ်မှတ်ချက် များနှင့်အညီ ကြေငြာရမည်၊

(ဂ) ဓါတ်သတ္တုကန့်သတ်နယ်မြေသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင် ရာ နယ်မြေရှိအများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေး၍ သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့် များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန် နှင့် နယ်နိမိတ်တိုင်းတာ သတ်မှတ် ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ညွှန်ကြားရေးမှူးချုပ်ဦးဆောင် သော ကျွမ်းကျင်သူများ ပါဝင်သည့် ကော်မတီကို ဖွဲ့စည်းတာဝန်ပေး အပ်ရမည်။

(d) defer payment of royalty due for such period it may determine;

(e) assess provisional royalty during the period where for any reason it is impracticable to assess the exact amount of the royalty due.

## CHAPTER VII

## Designation of Mineral Reserve Area and Gemstone Tract

21. The Ministry: -

(a) may designate an area where mineral can be produced on commercial scale as Mineral Reserve Area by notification with the approval of the Government;

(b) shall, before designating any area as Mineral Reserve Area, declare in the manner prescribed, which area is intended to be declared as such;

(c) shall, in designating the Mineral Reserve Area, form and assign duties to a committee consisting of skilled personnel with the Director General as the head of the Committee to inquire into the affected rights of the public in the relevant area and to enable them to receive reasonable rights and benefits and to carry out the demarcation of the Mineral Reserve Area;

(ဃ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင် ရှိသော မြေတွင် ပုဒ်မခွဲ (က) အရ ဓါတ်သတ္တုကန့်သတ်နယ်မြေသတ်မှတ်လိုပါက ယင်းသို့ သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်၊

(င) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်က စိုက်ပျိုး လုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေတွင် ပုဒ်မခွဲ (က) အရ ဓါတ်သတ္တုကန့်သတ်နယ်မြေ သတ်မှတ်လိုပါက တည်ဆဲ ဥပဒေနှင့်အညီ မြေသိမ်းယူရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်ညှိနှိုင်းဆောင်ရွက်ရမည်။

၂၂။ ဝန်ကြီးဌာနသည် -

(က) ကျောက်မျက်ရတနာ စီးပွားဖြစ် ထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည့် သို့မဟုတ်ရှာဖွေတွေ့ရှိသည့် နယ်မြေကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်ရတနာနယ်မြေအဖြစ်အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

(ခ) ရတနာနယ်မြေအဖြစ် သတ်မှတ်ပြီးသည့် နယ်မြေရှိအများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေး၍သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန်နှင့် နယ်နိမိတ်တိုင်းတာသတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော ကျွမ်းကျင်သူများ ပါဝင် သည့် ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(d ) if desirous of designating land under the administration of any government department or any organization, as the Mineral Reserve Area under sub-section (a), shall do so after co-ordination with the relevant government department of organization;

(e) if desirous of designating Area under sub-section (a) any land in which an individual or an organization had the right or cultivation, right or possession, right of use and occupancy, beneficial enjoyment, right of succession or transfer as the Mineral Reserve shall do so after co-ordination with the relevant Ministry for acquiring land in accordance with the existing Law.

22. The Ministry: -

(a) may, when information is received of the existence of gemstone for production on a commercial scale or the area where such gemstone is discovered, designate such area as Gemstone Tract by notification with the approval of the Government;

(b) shall form and assign duties to a committee consisting of skilled personnel with the Director General as the head of the committee to inquire into the affected rights of the public in the area already designated as Gemstone Tract and to enable them to received reasonable rights and benefits and to carry out the demarcation of the Gemstone Tract.

၂၃။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဓါတ်သတ္တု ကန့်သတ်နယ်မြေ သို့မဟုတ်ရတနာနယ်မြေ တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၄။ တည်ဆဲဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်က စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော မြေ၏ အပေါ်ယံမြေဆီလွှာတွင်ဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ၊ မည်သည့် ကမ်းလွန်ရေတိမ်ပိုင်းတွင်ဖြစ်စေ သဘာဝအလျောက်တွေ့ရှိရသော ဓါတ်သတ္တုသည် နိုင်ငံတော်ပိုင်ဖြစ်သည်ဟု မှတ်ယူရမည်။

အခန်း (၈)

## စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များ

၂၅။ ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအလို့ငှါစစ်ဆေးရေးအရာရှိချုပ်ဖြစ်သည်။

၂၆။ စစ်ဆေးရေးအရာရှိချုပ်၏လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကိုလည်းကောင်း ခွင့်ပြုမိန့်ရရှိသူများက လိုက်နာခြင်းရှိမရှိစစ်ဆေးခြင်း၊

23. The Ministry may, with the approval of the Government, cause the whole or a portion of the Mineral Reserve Area or Gemstone Tract, for the revision of the demarcation or cessation thereof.

24. All naturally occurring minerals found either on or under the soil of any land, in which an individual or an organization had the right of cultivation, right of possession, right of use and occupancy, beneficial enjoyment, right of succession or transfer or all naturally occurring minerals found in the Continental Shelf shall under the existing law be deemed to be owned by the State.

## CHAPTER VIII

### Duties of the Chief Inspector

25. The Director General shall be the Chief Inspector for the purpose of this Law.

26. The duties of the Chief Inspector are as follows: -

(a) inspecting in order to ascertain as to whether or not the provisions of this Law and the rules, orders and directives made thereunder are observed and conditions contained in the licence are complied with by the holders of licence.

(ခ) သတ္တုတွင်း၌လုပ်ကိုင်လျက်ရှိသောဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆ ဖြစ်ပွားမှုမှ ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်း ရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း

(ဂ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွတ်ကဲခြင်း၊

(ဃ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း

၂၇။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) ဦးစီးဌာနမှ သင့်လျော်သော အရာရှိကို ဤဥပဒေအလို့ငှါ စစ်ဆေးရေး အရာရှိအဖြစ် တာဝန်ပေးအပ်နိုင်သည်။

(ခ) မိမိ၏ လုပ်ပိုင်ခွင့်များကို စစ်ဆေးရေး အရာရှိများအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

အခန်း (၉)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၈။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ ၄င်း၏ ကိုယ်စား စီမံအုပ်ချုပ်သူ သို့မဟုတ် အလုပ်သမားတစ်ဦးဦးကဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်သည့်အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့် ပါ စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း ခွင့်ပြုမိန့်ထုတ်ပေးသူ သည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ခွင့်ပြုမိန့်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆိုင်းငံ့ထားစေခြင်း၊

(b) inspecting the health, sanitation, safety, prevention of accident, welfare, disciplinary measures of the personnel and workers in the mine;

(c) determining the duties of the inspectors and supervising the same;

(d) carrying out the duties as may be assigned from time to time by the Ministry.

27. The Chief Inspector may:-

(a) assign any suitable officer from the Department as an inspector for the purpose of this Law;

(b) delegate his powers to the inspectors.

## CHAPTER IX

### Taking of Action by Administrative Means

28. If the holder of permit or a person managing on his behalf or any of the worker fails to comply with any of the orders or directives made under this Law, or contravenes any of the term of the permit, the person issuing the permit may pass any of the following administrative orders: -

(a) suspending all or portion of the operations carried out under the permit;

(b) allowing continuation of the operation, after causing the payment of fine;

(ခ) ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ကို ပယ်ဖျက်၍ အာမခံငွေနှင့် ကြိုတင်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ လိုအပ်သည်ဟုယူဆလျှင် ဒဏ်ကြေးငွေကိုပါ ပေးဆောင်စေခြင်း။

အခန်း (၁၀)

## တားမြစ်ချက်ထုတ်ပြန်ခြင်း

၂၉။ ဝန်ကြီးဌာနသည် ဓါတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းမှ ထွက်ရှိသည့် ဓါတ်သတ္တုများကို ဝယ်ယူခြင်း၊ ရယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်းတို့နှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တားမြစ်ချက်များထုတ်ပြန်နိုင်သည်။

အခန်း (၁၁)

## ပြစ်မှုများ ပြစ်ဒဏ်များ

၃၀။ မည်သူမဆို ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့် မရရှိဘဲ အောက်ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၇ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်-

(က) ကျောက်မျက်ရတနာ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းသို့မဟုတ် ထုတ်လုပ်ခြင်း၊

(ခ) သတ္တု ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊

(c) canceling the permit;

(d) canceling the permit and confiscating the security deposit and the advance, payment and also causing the payment of fine in addition, if deemed necessary.

## CHAPTER X
## Issue of Prohibition

29. The Ministry may with the approval of the Government issue prohibitions in respect of purchasing obtaining, storing, Possessing, transporting, selling, transferring of any mineral obtained from mineral production.

## CHAPTER XI
## Offences and Penalties

30. Whoever carries out any of the following operations without the permit issued under this Law shall, on conviction by punished with imprisonment for a term which may extend to 7 years or with fine which may extend to Kyats 50,000 or with both; -

(a) prospecting exploration or production of gemstone;

(b) prospecting exploration or production of metallic mineral;

(ဂ) စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊

(ဃ) ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းသို့မဟုတ် ထုတ်လုပ်ခြင်း၊

၃၁။ မည်သူမဆိုပုဒ်မ ၂၉ အရ ထုတ်ပြန်သော တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၂။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၁၃ နှင့် စပ်လျဉ်းသည့် နည်းဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၃။ မည်သူမဆို ဤဥပဒေအရ သတ်မှတ်ထားသည့် ဓါတ်သတ္တုကန့်သတ်နယ်မြေ သို့မဟုတ် ရတနာနယ်မြေအတွင်းသို့ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ကျူးကျော်ဝင်ရောက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၃၄။ တရားရုံးသည် ပုဒ်မ ၃၀ သို့မဟုတ် ပုဒ်မ ၃၁ အရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့်ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုနှင့် သက်ဆိုင်သော ဓါတ်သတ္တုကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း ရန်အမိန့်ချမှတ်ရမည်၊

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြား စက်ပစ္စည်းကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်အမိန့်ချမှတ်နိုင်သည်။

(c) prospecting exploration or production on industrial mineral;

(d) prospecting exploration or production of stone.

31. Whoever violates any of the prohibitions prescribed under section 29 shall, on conviction be punished with imprisonment for a term which may extend to 3 years or with fine may extend to Kyats 20,000 or with both.

32. The holder of a permit who violates any of the rules relating to section 13 shall, on conviction be punished with imprisonment for a term which may extend to 1 year or with fine which may extend to Kyats 10,000 or with both.

33. Whoever trespasses the Mineral Reserve Area or Gemstone Tract demarcated under this Law without permission shall on conviction be punished with imprisonment for a term which may extend to 6 months or with fine which may extend to Kyats 5,000 or with both.

34. The Court shall in respect of any legal proceeding instituted under section 30 or section 31, if found guilty, enforce punishment for the relevant offence, and in addition:-

(a) shall pass an order for confiscation of the mineral involved in the offence;

(b) may pass an order for confiscation of the vehicleg, animal and other machinery, tools and implements used in commission of the offence.

အခန်း (၁၂)

## အထွေထွေ

၃၅။ ဤဥပဒေကို မပြဋ္ဌာန်းမီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဓါတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ထုတ်ပေးထားသည့် သက်တမ်းမကုန်ဆုံးသေးသော လိုင်စင် သို့မဟုတ်ပါမစ်သည် သက်တမ်းကုန်ဆုံးသည့်နေ့ အထိသာအတည်ဖြစ်စေရမည်။

၃၆။ ဤဥပဒေကို မပြဋ္ဌာန်းမီက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသော ရှိရင်းစွဲ ရတနာမြေများသည် ဤဥပဒေအရ သတ်မှတ်ထားသည့် ရတနာနယ်မြေများဖြစ်သည်ဟု မှတ်ယူရမည်။

၃၇။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထား ကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက် အထား များဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြ ဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့် အညီ စီမံခွန့်ခွဲခြင်းပြုနိုင် သည်။

၃၈။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် အက်ဥပဒေများအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင် သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

## CHAPTER XII

## Miscellaneous

35. The license or permit granted under any of the existing was before the anactment of this Law, for prospecting, exploration or production of minerals shall be valid until the date of expiry.

36. The existing Gemstone Tracts designated by notification before the promulgation of this Law shall be deemed to be Gemstone Tract designated by this Law.

37. exhibit relating to any legal proceeding instituted under this Law cannot be produced easily before the court, such exhibit need not be produced before the court, but the report or other relevant documentary evidence as to the manner of custody of the same may be submitted. Such submission shall be deemed as if it were submission of the exhibit before the court and the relevant court may dispose of the same in accordance with the law.

38. The rules, regulations, orders and directives issued under the laws repealed by this Law may continue to be complied so far as they are not inconsistent with the provisions of this Law.

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကိုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသို့မဟုတ်ဦးစီးဌာနသည်လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၀။ အောက်ပါဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် -

(က) The Upper Myanmar Ruby Regulation, 1887.

(ခ) The Mines Act, 1923,

(ဂ) ၁၉၆၁ ခုနှစ်၊ ပြည်ထောင်စု သတ္တုတွင်းများနှင့် သတ္တုများ အက်ဥပဒေ။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

39. For the purpose of carry out the provisions of this Law: -

(a) the Ministry may with the approval of the Government issue such rules and procedures as may be necessary;

(b) the Ministry or the Department may issue such orders and directives as may be necessary.

40. The following laws are hereby repealed: -

(a) The Upper Myanmar Ruby Regulation, 1887,

(b) The Mines Act, 1923,

(c) The Union of Myanmar Mines and Minerals Act, 1961.

(Sd) Than Shwe
Senior General
Chairman
The State Law and Order Restoration Council